## အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် (၀၀၅ /၂၀၂၅)

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်

### ကုန်ပစ္စည်းတင်သွင်း/တင်ပို့သူများနှင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ သိရှိနိုင်ပါရန်

၁။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကုန်ပစ္စည်းရှင်းလင်းထုတ်ယူသည့်လုပ်ငန်းစဉ်များအတွက် အခွန်ငွေပေးဆောင်ရာတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် Deposit Payment ၊ Direct Payment တို့အပြင် Mobile Banking ၊ Internet Banking တို့မှတစ်ဆင့် Online Payment ဖြင့် အခွန်ငွေပေးဆောင်နိုင်ရန်အတွက် AYA Bank ၊ KBZ Bank ၊ CB Bank တို့နှင့် ပူးပေါင်းပြီး MACCS Online Payment System အား ၂၃-၅-၂၀၂၃ ရက်နေ့မှစတင်၍ သီလဝါအထူးစီးပွားရေးဇုန်အပါအဝင် ရန်ကုန်ဧရိယာ၌လည်းကောင်း၊ ၁-၁-၂၀၂၅ ရက်နေ့မှစတင်၍ မြဝတီနှင့် တာချီလိတ်နယ်စပ်ဒေသများတွင်လည်းကောင်း အသုံးပြုဆောင်ရွက်ခဲ့ပါသည်။

၂။ MACCS Online Payment System တွင် အောက်ပါလုပ်ငန်းစဉ်များအား ဆောင်ရွက်နိုင်မည်ဖြစ်ပါသည် -

(က) Direct Payment ဖြင့် ဆောင်ရွက်ထား၍ Payment Statement Information ရရှိပြီးသည့် Import / Export Declaration No. များအား မိမိတို့၏ Mobile Banking ၊ Internet Banking များမှတစ်ဆင့် ကျသင့်အခွန်ငွေ တိုက်ရိုက်ပေးဆောင်ခြင်း၊

(ခ) မိမိတို့၏ Mobile Banking ၊ Internet Banking များမှတစ်ဆင့် MACCS စနစ်ရှိ Deposit Account ထဲသို့ ငွေထပ်မံဖြည့်သွင်းခြင်း (Addition Only)၊

၃။ ကုန်ပစ္စည်းတင်သွင်း/တင်ပို့သူများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများအနေဖြင့် AYA Bank ၊ KBZ Bank ၊ CB Bank တို့၏ Mobile Banking ၊ Internet Banking များမှတစ်ဆင့် MACCS Online Payment System ကို အသုံးပြု၍ အခွန်ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၄။ Direct Payment ဖြင့် အခွန်ပေးဆောင်မည်ဆိုပါက မိမိပေးဆောင်လိုသည့် Declaration No. နှင့် Customs Station Code တို့အား မှန်ကန်စွာ ထည့်သွင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ Deposit Account ထဲသို့ ငွေထပ်မံဖြည့်သွင်းခြင်း (Addition Only) လုပ်ငန်းစဉ်အား ဆောင်ရွက်လိုပါက ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် တင်ပို့သူများ၊ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် အကောက်ခွန်ဦးစီးဌာန၌ Deposit Account ဖွင့်လှစ်ရမည်ဖြစ်ပါသည်။ Deposit Account ဖွင့်လှစ်ထားရှိပြီးသူများအနေဖြင့် သီးခြားထပ်မံ ဖွင့်လှစ်ရန် မလိုအပ်ဘဲ မိမိတို့လက်ရှိအသုံးပြုနေသည့် Deposit Account အား ဆက်လက် အသုံးပြုနိုင်မည် ဖြစ်ပါသည်။ Deposit Account ထဲသို့ ငွေထပ်မံဖြည့်သွင်းခြင်း (Addition Only) ဆောင်ရွက်ရာတွင် မိမိဖြည့်သွင်းလိုသည့် Deposit Account No. အား သေချာစွာ ဖြည့်သွင်းပြီး Deposit Owner Name နှင့် Deposit Owner Code တို့ကို အတည်ပြုစိစစ်၍ မှားယွင်းမှုမရှိစေရေး **(အထူး)**ဂရုပြုဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၆။ **MACCS Online Payment System အား သီလဝါအထူးစီးပွားရေးဇုန်အပါအဝင် ရန်ကုန်ဧရိယာ (A1,A3,A4,A5,A6,A9)၊ မြဝတီ(H)၊ တာချီလိတ်(N2)နယ်စပ်ဒေသများအပြင် ကော့သောင်း(Q1)၊ မြိတ်(Q2) နှင့် မန္တလေး(K)မြို့များတွင် (၁-၄-၂၀၂၅)ရက်နေ့မှ စတင်၍ အသုံးပြုနိုင်မည် ဖြစ်ပါသည်။** MACCS Online Payment System အသုံးပြုမှုနှင့်ပတ်သက်၍ အခက်အခဲ တစ်စုံတစ်ရာရှိပါက Help Desk Section ဖုန်းနံပါတ် ၀၁-၃၇၉၄၂၉ (ရုံးချိန်အတွင်း)နှင့် သက်ဆိုင်ရာ ပုဂ္ဂလိကဘဏ် (AYA Bank ဖုန်းနံပါတ် ၀၁-၂၃၁၇၇၇၇ ၊ KBZ Bank ဖုန်းနံပါတ် ၀၉-၉၅၁၀၁၈၅၅၅ ၊ KBZ Pay Call Center ဖုန်းနံပါတ် ၃၂၁၁ ၊ CB Bank ဖုန်းနံပါတ် ၀၁-၂၃၁၇၇၇၀)များသို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**